# (၇၃) နှစ်မြောက် ချင်းအမျိုးသားနေ့ ထုတ်ပြန်ကြေညာချက်

၁။ ချင်းအမျိုးသားနေ့သည် အမျိုးသားတစ်ရပ်အဖြစ် ချင်းတို့၏စုစည်းမှုကို ထုတ်ဖော်ပြသခဲ့သည့်နေ့၊ ချင်းအမျိုးသားတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ဖြင့် ဒီမိုကရေစီစနစ်ကို ရွေးချယ်ကျင့်သုံးခဲ့သည့်နေ့ဖြစ်ပြီး မိမိတို့၏ သီးခြားလူမျိုးဖြစ်ခြင်း၊ သီးခြားပြည်ထောင်ဖြစ်ခြင်း၊ သီးခြားယဉ်ကျေးမှုရှိခြင်း၊ သီးခြားဘာသာစကားရှိခြင်း၊ သီးခြားသမိုင်းရှိခြင်းတို့ကို ဖော်ညွှန်းသည့်နေ့၊ ချင်းအမျိုးသားတစ်ရပ်လုံးမှ မြတ်နိုးတန်ဖိုးထားရသည့်နေ့ ဖြစ်သည်။

၂။ ယခုကာလသည် ချင်းလူမျိုးတို့၏ နိုင်ငံရေးလိုလားချက်များဖြစ်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီစနစ်တို့အတွက် 'နိုင်ငံရေးအဆုံးအဖြတ်' ပြုလုပ်ရမည့် အချိန်ကာလဖြစ်သည်။ ထို့ကြောင့် ချင်းတို့၏ကံကြမ္မာကို ချင်းတို့ကိုယ်တိုင် ဆုံးဖြတ်စီမံနိုင်ရေးအတွက် 'ချင်းအမျိုးသားရေးအသိနှင့် ချင်းမျိုးချစ်စိတ်ဓာတ်'ကို အမြင့်ဆုံးသို့ မြှင်တင်ပြီး မိမိတို့၏ စုပေါင်းအင်အားကို ညီညွတ်မှုဖြင့် တည်ဆောက်ကြရမည် ဖြစ်သည်။

၃။ ချင်းအမျိုးသားတို့ ရင်ဆိုင်နေရသည့် အမျိုးသားရေးစိန်ခေါ်မှုများသည် ဆွေမျိုးစုအလိုက်၊ မျိုးနွယ်စုအလိုက်၊ ဒေသအလိုက်၊ အစုအဖွဲ့အလိုက် ရင်ဆိုင်ကျော်လွှားနိုင်မည့် ပြဿနာများမဟုတ်ပါ။ ချင်းအမျိုးသားတစ်ရပ်လုံး သွေးစည်းညီညွတ်စွာ စုပေါင်း၍ ရင်ဆိုင်တွန်းလှန်မှသာ ကျော်လွှားနိုင်မည်ဖြစ်ပြီး 'ချင်းအမျိုးသားမျှော်မှန်းချက်'ကို ရရှိအောင်မြင်နိုင်မည် ဖြစ်သည်။ မိမိတို့သည် အမျိုးသားအဆင့် စုစည်းဆောင်ရွက်မှုအနေဖြင့် ၂၀၁၃ ခုနှစ်တွင် 'ဒုတိယအကြိမ် ချင်းအမျိုးသားညီလာခံ၊' ၂၀၁၇ ခုနှစ်တွင် 'ပထမအကြိမ် ချင်းအမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ' များကို ကျင်းပနိုင်ခဲ့ပါသည်။ ဆက်လက်၍ 'ချင်းအမျိုးသားအကျိုးစီးပွား'ကို ဦးထိပ်ထားကာ အမျိုးသားအဆင့် စုစည်းဆောင်ရွက်မှုကို မြှင့်တင်ဆောင်ရွက်ကြရန် တိုက်တွန်းသည်။

၄။ လတ်တလောတွင် ချင်းပြည် အပါအဝင် မိမိတို့၏ ပြည်ထောင်စု၌ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအတွက် သမိုင်းဝင်မည့် 'စစ်အာဏာသိမ်းမှုဆန့်ကျင်ရေး လူထုလှုပ်ရှားမှုကြီး' ဖြစ်ပေါ်လျှက်ရှိသည်။ ယင်းနှင့်ပတ်သက်၍ ပြည်တွင်း၊ ပြည်ပရှိ ချင်းအမျိုးသားတို့၏ စုပေါင်းဆောင်ရွက်မှုမှာ အားရဖွယ်ကောင်းလှသည်။ ချင်းပြည်နှင့် ပြည်ထောင်စု၏ လွတ်လပ်မှုအတွက် တက်ညီလက်ညီ စုပေါင်းဆောင်ရွက်ခြင်းကို ချီးကျူးဂုဏ်ပြုပါသည်။

၅။ ချင်းအမျိုးသားတပ်ဦးသည် Civil Disobedience Movement (CDM) အပါအဝင် စစ်အာဏာသိမ်းမှုဆန့်ကျင်ရေးလူထုလှုပ်ရှားမှုကို ထောက်ခံအားပေးသည်၊ CDM တွင် ပါဝင်သည့် ဝန်ထမ်းများ၏ သတ္တိရှိမှုကို လေးစားအသိအမှတ်ပြုသည်၊ လူထုလှုပ်ရှားမှုအတွက် အကြမ်းမဖက်သည့် (Non-violence) နည်းလမ်းကိုသာ အသုံးပြုရန် အားပေးသည်။ ချင်းအမျိုးသားတပ်ဦးအနေဖြင့် ပြည်သူလူထုနှင့်အတူ ခိုင်မာစွာ ရပ်တည်သွားမည် ဖြစ်သည်။ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်သူများကို ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်နှိမ်နင်းခြင်းမပြုရန် မြန်မာ့တပ်မတော်နှင့် မြန်မာ့ရဲတပ်ဖွဲ့အား လေးနက်စွာ တောင်းဆိုလိုက်သည်။

၆။ ပြည်တွင်း၌ 'ချင်းအမျိုးသားနေ့'ကို နိုင်ငံရေးအကျပ်အတည်းများကြားတွင် ဆန့်ကျင်သည့်နည်းလမ်းဖြင့် ဆင်နွဲကျင်းပခြင်းသည် အမျိုးသားရေးအနှစ်သာရကို ပို၍ ထင်ရှားပေါ်လွင်စေပါသည်။ ပြည်တွင်း၊ ပြည်ပရှိ ချင်းပြည်သူများအားလုံး '(၇၃) နှစ်မြောက် ချင်းအမျိုးသားနေ့'ကို အမျိုးသားရေးအနှစ်သာရရှိရှိ ဆင်နွဲကြရန်နှင့် လွတ်လပ်မှုအတွက် တိုက်ပွဲဝင်ကြရန် နှိုးဆော်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်

Chin National Front – General Headquarters, Chinland